


# နိုင်ငံသစ် မနက်ဖြန်

အောင်သူငြိမ်း

အောင်နိုင်ဦး၏ အမှာစကား

# အလစ်စတာစပတ်စ်နဲ့ တောင်အာဖရိကတွေ့ဆုံဆွေးနွေးပွဲ

ကျွန်တော်နဲ့ ကိုမင်းဇင် (ယခု အမေရိကန်နိုင်ငံရှိ ဘာကလေတက္ကသိုလ်တွင် နိုင်ငံရေး သိပ္ပံပညာ Ph. D.. တန်း တက် ရောက်နေသူ) တို့ တောင်အာဖရိကနိုင်ငံသား စာရေးဆရာလည်းဖြစ်၊ သတင်းစာဆရာလည်း ဖြစ်တဲ့ အလစ်စတာစပတ်စ်(Allister Sparks) နဲ့ သက္ကရာဇ်-၂၀၀၀ ခုနှစ်တုန်းက ဘန်ကောက်မြို့မှာ ဆုံခဲ့ကြပါတယ်။ သူက တောင်အာဖရိကနိုင်ငံရဲ့ အသားအရောင်ခွဲခြားရေးဝါဒ(Apartheid)နဲ့ ပတ် သက်ပြီး နှစ်ပေါင်း (၅၂) နှစ်ကြာ အစကနေ အဆုံးအထိ ပြည်တွင်းပြည်ပ သတင်း စာတွေမှာ ရေးသားခဲ့သူ ဖြစ်ပါတယ်။ ဒီအပြင် တောင်အာဖရိကနိုင်ငံရဲ့ လူဖြူနဲ့ လူမဲတွေအကြား စေ့စပ်ညှိနှိုင်းရေးတွေကိုလည်း တစ်လျှောက်လုံး အနီးကပ် လေ့လာ ရေးသားခဲ့သူ ဖြစ်ပါတယ်။ သူ့ရဲ့ ဒီလို တန်ဖိုးမဖြတ်နိုင်တဲ့ အတွေ့အကြုံတွေကြောင့် အမေရိကန်နိုင်ငံမှာရှိတဲ့ အဖွဲ့အစည်းတစ်ခုက သူ့ကို ဒေါ်အောင်ဆန်းစုကြည်နဲ့ တွေ့ဖို့၊ လိုအပ်တာတွေ အကြံပေးနိုင်ဖို့အတွက် ရန်ကုန်ကို သွားဖို့ တိုက်တွန်းခဲ့ပါ တယ်။ ကျွန်တော်တို့နဲ့ ဘန်ကောက်မှာတွေ့တဲ့အချိန်ဟာ သူ့ရဲ့ ရန်ကုန်ခရီးစဉ် မတိုင် ခင်ပါ။ ဒီလိုနဲ့ သူ ရန်ကုန်ကို ရောက်သွားပါတယ်။ ဒါပေမယ့် ကံဆိုးချင်တော့ သူ ရောက်တဲ့ အချိန်မှာ ဒေါ်အောင်ဆန်းစုကြည်ဟာ ရတ်တရက် ခရီးထွက်နေတာနဲ့ ကြုံနေပါ တယ်။ ဒါကြောင့် အလစ်စတာ စပတ်စ်ဟာ လက်ချည်းပြန်သွားခဲ့ရပါတယ်။

သူက အသားအရောင်ခွဲခြားရေးနဲ့ ပတ်သက်ပြီး စာအုပ် (၃) အုပ် ရေးသားခဲ့ပါတယ်။ ပထမဦးဆုံးစာအုပ်က “တောင်အာဖရိကရဲ့ စိတ်နေသဘောထား”(The Mind of South Africa) ဖြစ်ပါတယ်။ ၁၉၉၀ ပြည့်နှစ်မှာ ထုတ်ဝေတာပါ။ ဒီစာအုပ်ကတော့ အသားအရောင်ခွဲခြားရေးဝါဒ ဖြစ်ပေါ်လာပုံနဲ့ ကျဆုံးပုံကို ရေးထားတာပါ။ စာမျက် နှာ(၃၉၉) မျက်နှာရှိတဲ့ ဒီစာအုပ်မှာ

အသားအရောင် ခွဲခြားရေးဝါဒရဲ့ ဆိုးရွားပုံတွေကို သမိုင်းနဲ့ချီပြီး ကွက်ကွက်ကွင်းကွင်း ရေးသားထားပါ တယ်။

ဒီစာအုပ်ထဲမှာ ကျွန်တော် ပြောပြချင်တာလေးရှိပါတယ်။ အဲဒါကတော့ မူရင်း အခန်း (၉)၊ စာမျက်နှာ (၂၁၄) က သူ့ရဲ့ ရေးသားချက်ကလေးပါ။ ကျွန်တော်တို့နိုင်ငံက အမျိုးသားပြန်လည်သင့်မြတ်ရေး အတွက် အရေးပါမယ်ထင်လို့ပါ။ သူက “အကန့် လိုက်ခွဲခြားထားတဲ့ ပတ်ဝန်းကျင်တစ်ခုမှာ လူမျိုး၊ ဘာသာ စကားမတူသူတွေဟာ တစ်ယောက်နဲ့ တစ်ယောက် လက်တွေ့ဆက်ဆံမှုမရှိကြသလို၊ တစ်ယောက်ရဲ့ ရင်ထဲ၊ နှလုံးသားထဲမှာ ဘယ်လိုခံစားနေရမယ်ဆိုတာလည်း အခြား တစ်ယောက်က မသိကြ ပါဘူး” လို့ ရေးပါတယ်။

“လူဖြူ တောင်အာဖရိကန်တွေ ပြောကြတာရှိပါတယ်။ သူတို့က တောင်အာဖရိကန် လူမဲတွေကို သိကြတယ်၊ သူတို့နဲ့ နှစ်ပေါင်း (၃၅၀) ကျော် အတူနေခဲ့တယ်၊ လူမဲတွေ ရဲ့ လုပ်ပုံကိုင်ပုံ၊ အားနည်းချက်၊ အမူအကျင့်၊ စိတ်ဓာတ်တွေကို သိတယ်လို့ ပြောလေ့ ရှိပါတယ်။ ဒါပေမယ့် သူတို့က လူမဲတွေကို သခင်နဲ့ကျွန် ဆက်ဆံရေးကလွဲပြီး တွေ့ဆုံဆက်ဆံတာမျိုး မရှိပါဘူး။ ဒီလိုပါပဲ တောင်အာဖရိက လူမဲတွေကလည်း သူတို့သမိုင်းတလျှောက်လုံးမှာ အဖိနှိပ်ခံခဲ့ရဖူးတဲ့သူတွေလိုပဲ သူတို့ရဲ့ အနက်ရှိုင်းဆုံး တွေးခေါ်မှုတွေကို ဖုံးကွယ်ပြီးတော့ လူဖြူတွေကြားချင် မြင်ချင်တဲ့ပုံစံမျိုးကိုပဲ ပြော ဆိုနေထိုင်တတ်တဲ့၊ အန္တရာယ်ကင်းအောင် ဖုံးကွယ်ထားတဲ့ ကာကွယ်ရေးစနစ်” တွေ ကို ကျင့်သုံးခဲ့ကြတယ်လို့ ရေးသားထား ပါတယ်။

အလစ်စတာစပတ်စ်ရဲ့ ဒုတိယစာအုပ်ကတော့ အခုကိုအောင်သူငြိမ်း ဘာသာပြန် တဲ့ “နိုင်ငံသစ် မနက်ဖြန်(Tomorrow is Another Country) ပါ” ဒီစာအုပ်ကတော့ ၁၉၉၅ ခုနှစ်မှာ ထုတ်ဝေခဲ့တာပါ။ တောင်အာဖရိကရဲ့ တွေ့ဆုံ ဆွေးနွေးပွဲတွေနဲ့ ပြဿနာတွေအကြောင်း ရေးထားတာပါ။ ကျွန်တော့်အနေနဲ့

ဒီစာအုပ်အကြောင်းကို တော့ အကျယ် မပြောလိုတော့ပါဘူး။ ဖတ်ကြည့်ကြဖို့သာ တိုက်တွန်းပါတယ်။ ကျွန်တော့်အတွက်ကတော့ လက်ကိုင်ကျမ်းတစ်ခုပါပဲ။

အလစ်စတာစပတ်ရဲ့ နောက်ဆုံးစာအုပ်ကတော့ ၂၀၀၃ ခုနှစ်က ထုတ်ဝေတာပါ။ စာမျက်နှာ (၃၇၀) ရှိပါတယ်။ စာအုပ်ရဲ့ အမည်ကိုတော့ “မဖြစ်နိုင်သော အံ့မခန်းမှု၏ အခြားတစ်ဖက် (Beyond the Miracle)” လို့ နာမည်ပေး ထားပါတယ်။ စာအုပ်ရဲ့ အကြောင်းအရာကတော့ တွေ့ဆုံဆွေးနွေးပွဲအပြီး ဖြစ်ပေါ်တိုးတက်လာတဲ့ တောင် အာဖရိကရဲ့ အခြေအနေတွေ၊ တိုးတက်မှုတွေ၊ ပြဿနာတွေကို စေ့စေ့စုံစုံရေးသား ဖော်ပြထားပါတယ်။

ကျွန်တော်တို့နိုင်ငံမှာ တွေ့ဆုံဆွေးနွေးပွဲတွေ မဖြစ်သေးလို့ တွေ့ဆုံဆွေးနွေးရေးတွေရဲ့ အလွန်ကာလအကြောင်း ရေးသားထားတဲ့စာအုပ်ကို ထွေထွေထူးထူး မိတ်မဆက်ချင် တော့ပါ။ ဒါပေမယ့် ဒီစာအုပ်ထဲမှာပါတဲ့ အလစ်စတာစပတ်စ်ရဲ့ ထင်မြင်ချက် ကလေးတစ်ခုကိုတော့ ကျွန်တော် အကျဉ်းချုံး ပြောပါရစေ။ ဒါကတော့ တောင် အာဖရိက အသွင်ကူးပြောင်းရေးကာလ ဘာကြောင့် အောင်မြင်ရသလဲ ဆိုတဲ့အချက် နဲ့ ပတ်သက်ပြီး ပြောပြထားတဲ့ အချက်တွေထဲက အဓိကကျတဲ့ အချက်တစ်ချက်ပါ။ အလစ်စတာစပတ်စ်က တောင်အာဖရိကရဲ့ အသွင်ကူးပြောင်းရေး အောင်မြင်မှုတွေ များရတာ ရန်သူဟောင်းတွေ (လူဖြူအစိုးရဟောင်းနဲ့ လူမဲအစိုးရသစ်) တို့ ပူးပေါင်း ဆောင်ရွက်နိုင်ခဲ့ကြလို့ပါ၊ နှစ်ဦးနှစ်ဖက်ပေါင်းပြီး ညီညွတ်ရေးအစိုးရ(Government of Unity) ဖွဲ့နိုင်ခဲ့တဲ့ အတွက်ကြောင့်ပါ။ အထူးသဖြင့်တော့(ANC) ခေါင်းဆောင် မင်ဒဲလားနဲ့ အမျိုးသားပါတီခေါင်းဆောင် သမ္မတဒီကလပ်တို့ ပေါင်းလုပ်နိုင်ခဲ့ကြ လို့ပါလို့ ပြောထားပါတယ်။ ဒါပေမယ့် လည်း ၁၉၉၆ ခုနှစ်၊ ဇွန်လမှာ ဒုတိယသမ္မတ အဖြစ် တာဝန်ယူနေတဲ့ ဒီကလပ် ရာထူးကနေ နှုတ်ထွက်သွားတဲ့အခါ လူဖြူ နဲ့ လူမဲတွေအစိုးရအတွင်း ပူးပေါင်းဆောင်ရွက်မှုတွေ ရပ်သွားခဲ့ပါတယ်။ ဒီလိုသာ

မဖြစ်ခဲ့ရင် တောင်အာဖရိကရဲ့ အသွင်ကူးပြောင်းရေးကာလဟာ ပိုအောင်မြင်နိုင်တယ်လို့ စာရေးဆရာ အလစ်စတာစပတ်က သုံးသပ်ထားပါတယ်။

ကျွန်တော်တို့နိုင်ငံမှာလည်း မင်ဒဲလားနဲ့ ဒီကလပ်တို့လို သူရဲကောင်းတွေ ပေါ်နိုင်ပါစေလို့ ဆုတောင်းရင်း ... ...

**အောင်နိုင်ဦး (ဒိုင်ယာလော့)**

**ဧပြီလ ၂၀၊ ၂၀၀၄**

**ဇင်းမယ်မြို့။**

♥ ♥ ♥

# တင်မောင်သန်း၏ အမှာစကား
## မင်္ဂလာ မြန်မာ

ဒီမိုကရေစီသို့ ကူးပြောင်းကြသော နိုင်ငံများအကြောင်း လေ့လာကြသောအခါ၊ မဖတ် မဖြစ်ဖတ်ရသော စာအုပ်များစာရင်းတွင် ယခု ကိုအောင်သူငြိမ်း ဘာသာပြန်သော စာအုပ်ကို တစ်အုပ်အဖြစ် ကျွန်တော် ထည့်သွင်းလိုပါသည်။ အကြောင်း ၂ ကြောင်း ကြောင့် ဖြစ်သည်။ တောင်အာဖရိက ကူးပြောင်းသောအခါ၊ ခေါင်းဆောင်များ၏ ဆုံးဖြတ်၊ လုပ်ကိုင်ပုံက စိတ်ဝင်စားစရာ ကောင်းသည်။ ခေါင်းဆောင်ဟု ဆိုရာတွင် မင်ဒဲလား တစ်ယောက်တည်းကိုသာ ဆိုလိုသည် မဟုတ်ပါ။ ဒီကလပ်လည်း ပါ သည်။ မင်ဒဲလားနှင့် ဆွေးနွေးခဲ့သော တရားရေး ဝန်ကြီး ကိုသရီလည်းပါသည်။ ဆွေးနွေးပွဲပျက်မလိုဖြစ်သောအခါ၊ အကူးအပြောင်းဆိုသည်က စစ်မြေပြင်တွင် အောင်ပွဲခံသော အခြေအနေမဟုတ်ကြောင်း သတိပေးခဲ့သည့် ကွန်မြူနစ်ပါတီ ခေါင်းဆောင် ဂျိုးစလိုဗိုလည်း ပါသည်။ ခေါင်းဆောင်အသီးသီးက သူတို့ ကခဲ့ကြရ သော နေရာအသီးသီးကနေပြီး၊ အကူးအပြောင်းကို ထိန်းသိမ်း သယ်ဆောင်သွားခဲ့ကြ သည်မှာ လေးစားလောက်၏ ။ ဤသို့သော ဖြစ်ရပ်များအပြင် တောင်အာဖရိက၏ အခြား အကူးအပြောင်းဆိုင်ရာ ဖြစ်ရပ်များကိုလည်း ဤစာအုပ်က ပြထားသည်။ တောင် အာဖရိကစခဲ့သော အမှန်တရားနှင့် ရင်ကြားစေ့ရေး အစီအစဉ်မှာ အကူးအပြောင်း ဆိုင်ရာ တရားမျှတမှုအတွက် စံထားရသည် မဟုတ်ပါလား။ ဒါက တစ်ကြောင်း ဖြစ်ပါ သည်။ နောက်တစ်ကြောင်းကတော့ ဤ စာအုပ်သည် အကူးအပြောင်း ဇာတ်ကြောင်း ဖြစ်၏ ။ သီဝရီတွေ မပါ။ ဖတ်ရသည်က သွက်နေသည်။ နိုင်ငံရေးဆိုသည်ထက် လူ များ၏ ဇာတ်ကြောင်း။ ထို့ကြောင့် ဤစာအုပ်ကို ကျွန်တော် ကြိုက်သည်။

ယခု ထိုစာအုပ်ကို ကိုအောင်သူငြိမ်းက ဘာသာပြန်လိုက်ပြီ ဆိုသောအခါ၊ ပြောဖွယ် မရှိတော့။ ပြည်တွင်း စာဖတ်ပရိသတ် အဖို့

ကိုအောင်သူငြိမ်း ၏ လက် ကို ရင်းရင်းနှီးနှီး ရှိချင်မှတော့ ရှိမည်။ ပြည်ပတွင်တော့ သူ့ လက်ကို ရင်းနှီးကြပြီးသား ဖြစ်ပါ၏ ။ သူက ကဗျာဆရာတစ်ယောက်လည်း ဖြစ်၏ ။ ရေဒီယို ပရိသတ်အနေနှင့်လည်း ဘီဘီစီ၊ ဗွီအိုအေ၊ အာအက်ဖ်အေနှင့် ဒီဗွီဘီ ရေဒီယိုများတွင် လူမှုနိုင်ငံရေးဆိုင်ရာ ဝေဖန်ပြောကြားသူ အဖြစ်လည်း သူ့ ကို သိရှိကြပြီး ဖြစ်ပါသည်။

သို့သော် သူ ၏ နိုင်ငံရေး ဖြတ်သန်းမှုကိုကား လူအများ သိချင်မှ သိကြပေလိမ့်မည်။ ၁၉၈၈ ခုနှစ် လူထု အုံကြွမှုကြီးဖြစ်သောအခါ၊ သူက ဆေးတက္ကသိုလ် နောက်ဆုံး နှစ်ကျောင်းသား။ တပ်မတော်ကို အာဏာလွှဲပြောင်းလိုက်သောအခါ၊ နယ်စပ်ကို ထွက်၍ ကျောင်းသားတပ် အေဘီအက်စ်ဒီအက်ဖ်ကို စတင်ကြသောသူများတွင် သူ သည်လည်း တစ်ဦး အပါအဝင်။ ဗဟု အဖွဲ့ကို ထူထောင်ကြသော ဇော်ဦး၊ အောင်နိုင် ဦး၊ အောင်သူငြိမ်း၊ ဝင်းမင်းနှင့် ကျွန်တော်တို့ ၅ ဦးတွင် နိုင်ငံရေးအရ၊ အဆင့်မြင့်ဆုံး နေရာကို ယူခဲ့သူက သူဖြစ်၏ ။ သူက လူ့ဘောင်သစ်ပါတီ၏ ဒုဥက္ကဋ္ဌ ဖြစ်ခဲ့သည်လေ။ ပြည်ပသို့ ကျွန်တော်ထွက်သွားသောအခါတွင်မှ ကိုအောင်သူငြိမ်းကို ကျွန်တော် လူချင်းတွေ့ဖူးသည်။ နောက်ပိုင်း ဘန်ကောက်ကို ကျွန်တော်ရောက်လျှင် ကိုဇော် မင်းအိမ်မှာ ညစာစားရင်း စကားစမြည် ပြောဖြစ်ကြသည်။ ပြောဖြစ်ကြသော အကြောင်း များကတော့ မြန်မာ့နိုင်ငံရေးနှင့် အကူးအပြောင်း။ ထိုစဉ် က ရွှေပြည်တော် မျှော်တိုင်း ဝေးရသော အခြေအနေ။ ယခု နိုင်ငံရေးကို အတိုင်းအတာတစ်ရပ်အထိ ဖွင့်လိုက်ပြီ ဆိုသောအခါ၊ သူ ၏ စာအုပ် က စဉ်းစားစရာများ ပေးလိမ့်မည် ဟု မျှော်လင့်ရပေသည်။ အကယ်၍ ခေါင်းဆောင်များက ဤစာအုပ်ကို အလေးအနက်ထား ဖတ်ကြသည် ဆိုလျှင်ပေါ့ . . .။

အကူးအပြောင်းတွင် ဆက်သွယ်ရေး လမ်းကြောင်းနှင့် တွေ့ဆုံဆွေးနွေးရေး မှာ အလွန် အရေးကြီးပါသည်။ မင်ဒဲလားနှင့် တရားရေး

ဝန်ကြီးတို့ တွေ့ဆုံပြောဆိုနေကြသည် ကို အခြား အေအင်န်စီ ခေါင်းဆောင်များ မသိခဲ့ကြ။ မင်ဒဲလား က အကျဉ်းကျနေသော အေအင်န်စီ ခေါင်းဆောင်များကိုပင် အသိမပေး။ တွေ့ဆုံဆွေးနွေးကြသော ဖြစ်စဉ် တလျှောက်တွင်လည်း အတက်အကျရှိသည်။ နှစ်ဘက်ခေါင်းဆောင်များ အဖို့ ပိုင်း ဖြတ်မှုရှိရှိဖြင့် ဖွဲ့မလျှော့ဘဲ၊ ဆက်သွယ်ရေး လမ်းကြောင်းကို ဖွင့်ထားမြဲ ဖွင့်ထားဖို့ အရေးကြီးလှပါသည်။

ထိုတွေ့ဆုံဆွေးနွေးပွဲမှ ရရှိသော နိုင်ငံရေး သဘောတူညီချက်မှာ တောင်အာဖရိက အနာဂတ်ကို အဆုံးအဖြတ်ပေးသည်။ တည်ငြိမ်သော အကူးအပြောင်းတို့မည်သည် တစ်ဘက်သတ် အကူးအပြောင်း မဖြစ်စေရ။ အကူးအပြောင်းအတွက် ယာယီ ဖွဲ့စည်းပုံ တစ်ရပ်ကို ရေးဆွဲကြသည်။ အေအင်န်စီက အသိအမှတ်ပြုသော အလံကိုရော၊ လူဖြူ များက အသိအမှတ်ပြုထားသော အလံကိုပါ နိုင်ငံအလံများအဖြစ် တင်ကြသည်က အံ့ခမန်းစိတ်ဓာတ်ပါပေ။ ထို့ကြောင့်လည်း တောင်အာဖရိက ခေါင်းဆောင်များ သဘောတူညီချက် ရရှိပြီဆိုသောအခါ၊ တိုင်း(မ်)မဂ္ဂဇင်းကြီးက မင်္ဂလာပါ တောင် အာဖရိက(Good Morning South Africa) ဟု မျက်နှာဖုံးတင် နှုတ်ခွန်း ဆက်သလိုက် သည်။ ယင်း မျက်နှာဖုံးဆောင်းပါးကို အဓိက မူတည်ပြီး၊ ရှဉ့်လည်းလျှောက်သာ၊ ပျားလည်းစွဲသာ အဖြေရှာပုံ (win-win solution) အကြောင်းကို သင့်ဘဝ မျက်နှာဖုံး အဖြစ် ကျွန်တော်နှင့် မောင်သစ်ဆင်းတို့ တင်ပြခဲ့ကြဖူး၏ ။

တောင်အာဖရိက ကူးပြောင်းခဲ့ချိန်မှ နှစ်ပေါင်း ၂၀ ကြာလာသောအခါ၊ မင်္ဂလာ ပါ မြန်မာနိုင်ငံဟု ကျွန်တော်တို့ နှုတ်ခွန်းဆက် နိုင်ပါပြီလား။ လက်ရှိအစိုးရက ဖွင့်လိုက်သော နိုင်ငံရေးအဖွင့်မှာ ကျွန်တော်တို့ ပြည်ပမှ ပြန်ဝင်လာစဉ်က မျှော်လင့် ခဲ့သည်ထက် ပိုမိုသည်ကတော့ အမှန်ပင်ဖြစ်သည်။ အရှိန်အဟုန်ကောင်းကောင်း ၈ အောင်သူငြိမ်း

ကို ယူသွားနိုင်သည်ဟု ဆိုရပါမည်။ သည့်အတွက် လက်ရှိ

ပြုပြင်ပြောင်းလဲရေး ခေါင်းဆောင်များကိုရော၊ ကျရာအနေအထားကနေပြီး၊ ပြုပြင်ပြောင်းလဲရေး လုပ်ငန်း စဉ်ကို သိနားလည်စွာဖြင့် အသံတိတ် ဝန်းရံထောက်ကူပေးနေကြသော အတိုက်အခံ ခေါင်းဆောင်များကိုပါ ကျွန်တော် အသိအမှတ်ပြု မလေးစားဘဲ မနေနိုင်ပါ။ သို့သော် ထို အရှိန်အဟုန် ပျက်မသွားဖို့ အရေးကြီးလှသည်။ အဘယ်ကြောင့်ဆိုသော် အဖွင့် သည် အကူးမဟုတ်သောကြောင့်ပင်။ မြန်မာပြည်သည် အရဏ်မတက်သေး။ မင်္ဂလာ ပါ မြန်မာဟု နှုတ်ခွန်း မဆက်သာသေး။ သန်းခေါင်ညဥ့်နက် လွန်ခါမျှသာ ရှိသေး သည်။

နိုင်ငံရေးအရ၊ မင်္ဂလာရှိသော အချိန် ကို ရောက်ဖို့ စိမ်ခေါ်ချက် သုံးရပ် ကို ကျွန်တော်တို့ ဖြတ်သန်းကြရပေဦးမည်။ အလုပ်က လွယ်လွယ် အလုပ်မဟုတ်။ လွတ်လပ်ရေး ရပြီးခဲ့ချိန်မှ စပြီး၊ နှစ်ပေါင်း ၆၅ နှစ်ကျော် မလုပ်နိုင်ခဲ့သော အလုပ်များဖြစ်သည်။ ပြည်တွင်းစစ်အဆုံးသတ်ရေး နှင့် ငြိမ်းချမ်းရေး၊ ဖွဲ့စည်းပုံဆိုင်ရာ သဘောတူညီချက် ရရှိရေးနှင့် နိုင်ငံရေးမှ တပ်မတော် ဆုတ်ခွာရေး တည်းဟူသော အလုပ်ကြီး သုံးရပ် ဖြစ်ပါ၏ ။ ကျွန်တော်တို့ကား ထိုဧရာမအလုပ်ကြီး သုံးရပ်ကို ကိုင်တွယ်ဖို့ ကြိုးစားနေ သော ကာလ ကို ဖြတ်သန်းနေကြရပေသည်။

ထိုသို့ ဖြတ်သန်းနေကြရာတွင် စံများ ကို လေးစားရမည် ဖြစ်သလို၊ လက်တွေ့လ ည်းကျဖို့ လိုပါလိမ့်မည်။ ကျွန်တော်တို့နိုင်ငံရေးမှာ စံများကို အလေးထားသော နိုင်ငံရေး ဓလေ့ ဖြစ်ပုံရသည်။ ဖွဲ့စည်းပုံ အခြေခံဥပဒေ သုံးမျိုးသာပြောင်းသွားသည်။ မပြောင်းလဲ သော နိုင်ငံတော်သီချင်း၏ စာသားများ ကို ကြည့်။ "တရားမျှတ၊ လွတ်လပ်ခြင်း နဲ့ မသွေ။ တို့ပြေ .. တို့မြေ။ များလူခပ်သိမ်း ငြိမ်းချမ်းစေဖို့၊ ခွင့်တူညီမျှ ဝါဒဖြူစင်တဲ့ မြေ။" ကြည့် ... ဝါဒဖြူစင်တဲ့မြေ .. တဲ့။ ထို ဖြူစင်မှုအတွက် ကျွန်တော်တို့တွေ ချခဲ့ကြသည်မှာ နှစ်ပေါင်း ၆၀ ကျော်။ မှန်းသည် က ငြိမ်းချမ်း၊ ခွင့်တူညီမျှ။ ဘဝ က ကြမ်းရမ်း ဆင်းရဲပဋိပက္ခ။

တိုက်စိတ်တိုက်သွေး(militancy) သည်လည်း ကျွန်တော် တို့ နိုင်ငံရေး ဓလေ့ဖြစ်ပုံရ၏ ။ ပထုတ်၊ ဖိနှိပ်၊ အရေးယူ၊ ထောင်ချခြင်းဖြင့် အခြေအနေ များ ဆုတ်ယုတ်ခဲ့သည်ကို ကျွန်တော်တို့ ကြုံခဲ့ရပြီးပြီ။ နှစ်ပေါင်း တစ်ထောင်ဝန်းကျင် ရှိခဲ့သော မှတ်တမ်းတင် သမိုင်းတွင် ငြိမ်းချမ်းသော ကာလဆို၍ စုစုပေါင်း နှစ်ပေါင်း ၅၀ ဝန်းကျင်မျှသာ ရှိကောင်းရှိလိမ့်မည် ဟု ဆရာ ဝင်းမောင် (သမိုင်း) က ကျွန်တော့် ကို ခန့်မှန်းပေးခဲ့ဖူးသည်။ ယင်းနိုင်ငံရေး ဓလေ့သည်ပင် တိုးတက်မှုအတွက် ထောင် ချောက်ဖြစ်နိုင်ပေသည်။ ရှေ့ခရီးဆက်နိုင်ရေး သော့ချက်မှာ စံများကို အလေးထား အသိအမှတ်ပြုနိုင်ပြီး၊ တိုက်စိတ်တိုက်သွေးအတွက် ထွက်ပေါက်လည်းပေးနိုင်သော နိုင်ငံရေး အဆောက်အအုံတစ်ရပ် သို့မဟုတ် နည်းနာယန္တယားတစ်ရပ်ကို အခြေစတည် ရန် ဖြစ်သည်။ တစ်ဘက်တွင်လည်း ဘဝဟူသည် မဖြူစင်လှကြောင်း လက်တွေ့ ကျကျ နားလည်ကြရပေမည်။ ထူးအိမ်သင်၏ အကျႌဖြူ တစ်ထည် အကြောင်းကို ညည်းတတ်ဖို့လို၏ ။ တိုက်ကွက်ထက် အလုပ်လုပ်ကွက်ကို မြင်တတ်ဖို့လည်း လိုပါ လိမ့်မည်။ ဆက်သွယ်ရေး လမ်းကြောင်းဖွင့်ခြင်း၊ တွေ့ဆုံဆွေးနွေးခြင်း၊ မိမိကိုယ်ကို ထိန်းသိမ်းခြင်း၊ လက်တွေ့ကျကျ အချိန်ယူအဖြေရှာခြင်း၊ လုပ်ရမည့်အလုပ်က ဘာလဲ ရှာဖွေပြီး အလုပ်ကို ဇဟိုထားခြင်း စသော ဓလေ့များမှာ မင်္ဂလာ မြန်မာ ၏ နိုင်ငံရေး ဓလေ့များ ဖြစ်ပါလိမ့်မည်။

တောင်အာဖရိကတွင် အလံ ၂ မျိုး ကို တပြိုင်တည်း တင်နိုင်ခြင်း ဆိုသည်မှာ ထို မင်္ဂလာဓလေ့ဖြစ်သည်။ အမှန်တရားကို အသိအမှတ်ပြုသလို၊ ပြန်လည် ရင်ကြားစေ့ကြ ခြင်းမှာလည်း ထိုမင်္ဂလာ ဓလေ့ဖြစ်သည်။ သူတို့ က သူတို့ ၏ မင်္ဂလာ ရှိသော နိုင်ငံ ကို ဆောင်ကျဉ်းခဲ့ကြပြီ။

ထို မင်္ဂလာ ဇာတ်ကြောင်းကို ကိုအောင်သူငြိမ်း က ခင်ဗျားတို့ထံ ပို့လိုက်ပါပြီ။ ကျွန်တော်တို့အားလုံးကလည်း ကျွန်တော်တို့၏ မင်္ဂလာ မြန်မာကို ခေါ်ယူတတ်အောင် ပိုင်းဖြတ် ကြိုးစားကြရပါလိမ့်မည်။ ရွှေပြည်တော်

မျှော်တိုင်းဝေးဆိုသည်က နေ ရေးရေး တော့ မြင်နေရပြီ။ အားလုံး ၏ ခေါ်သံ အရေးကြီးသည်။

**တင်မောင်သန်း**

**၆ အောက်တိုဘာ၊ ၂၀၁၄**

♥ ♥ ♥

# စာရေးသူ၏ အမှာစကား

ကျေးဇူးစကား ဦးစွာဆိုရပါမည်။ ပြောရလျှင် ဤစာအုပ်ကိုဖတ်ရန် စ၍ တိုက်တွန်းခဲ့ သည့်အပြင် ကိုယ်တိုင်ကိုယ်ကျ လိုက်၍ ဝယ်ပေးခဲ့သော မစ်ချဲလ် ဘိုဟာနာ(Ms. Michele Bohana) ကို ကျေးဇူးစကားဆိုရန် မေ့ထား၍ မဖြစ်နိုင်ပါ။ သူ တိုက်တွန်းသော ကြောင့်သာ ဤစာအုပ်ကို ဖတ်ဖြစ်ခြင်း ဖြစ်ပါသည်။ မိမိ အမေရိကန်နိုင်ငံတွင် သောင်တင်နေစဉ်ကာလအတွင်း ဤစာအုပ်ကို စ၍ ဘာသာပြန် ဖြစ်ခဲ့ပါသည်။ ယင်း ကာလမှာပင် အခန်းဆက်ဖော်ပြပေးခဲ့သော ဂျပန်နိုင်ငံရှိ(Voice of Burma) အင်အားစုများကိုလည်း ကျေးဇူးစကားဆိုရပါမည်။ သူတို့စာစောင်တွင် အခန်း အတော်များများကို ဖော်ပြပေးခဲ့ပါသည်။

ကိုအောင်နိုင်ဦး (MPC) က ဤစာအုပ်သည် သူ၏ သမ္မာကျမ်းစာ(Bible) သဖွယ် ဖြစ် သည်ဟု ပြောဖူးပါသည်။ မြန်မာနိုင်ငံရှိ နိုင်ငံရေးပြဿနာများကို လေ့လာတိုင်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ တိုင်းရင်းသား အင်အားစုများနှင့် မြန်မာအစိုးရအကြား တက်တုံကျတုံ ဖြစ်နေခဲ့သော စေ့စပ်ညှိနှိုင်းပွဲများကို သုံးသပ်တိုင်း ပြန်၍ ဖတ်မိသည် ဟုလည်း ပြောပါသည်။ ဤစာအုပ်ကို စ၍ ဘာသာပြန်နေသော ကာလက ဒေါ်အောင် ဆန်းစုကြည် လွတ်မြောက်ပြီး၊ မြန်မာနိုင်ငံရှိ တိုင်းရင်းသား လူထုများအကြား မျှော် လင့်ချက်များမြင့်မားနေချိန်၊ မြန်မာ စစ်အစိုးရဖက်မှလည်း စာမျက်နှာသစ်ဖွင့်လှစ် လိုက်ပြီဟု ပြောဆိုနေချိန် ၂၀၀၂ ခုနှစ်ကာလ ဖြစ်ပါသည်။ သို့သော် ဤစာအုပ် ဘာသာပြန်၍ ပြီးခါနီး သော ကာလတွင်မူ ဒီပဲယင်းအရေး အခင်းအပြီး ဒေါ်အောင် ဆန်းစုကြည်ကို အကျယ်ချုပ်ပြန်လည် ထိန်းသိမ်းထားသည့်အချိန်၊ ဒီ-ချုပ်နှင့် ဒေါ်အောင်ဆန်းစုကြည်ကို ချန်လှပ်၍ မည်သူပါပါ-မပါပါ “အမျိုးသားညီလာခံ” နှင့် “အဆင့် (၇) ဆင့်ပါ ဒီမိုကရေစီရေးလမ်းပြမြေပုံ”အတိုင်း သွားတော့မည်ဟု မြန်မာအစိုးရက ပြင်ဆင်နေချိန်လည်း ဖြစ်ပါသည်။ ဤစာအုပ်ကို ဘာသာပြန် နေလျက်ကပင် ဘာသာပြန်သင့်လိုက်လေခြင်း၊ ဘာသာပြန်မိသည်မှာမှန်လေခြင်း

ဟု မိမိကိုယ်ကို အားတက်၍ နေရပါသည်။ အကြောင်းမှာ မြန်မာနိုင်ငံ၏ နိုင်ငံရေး ပဋိပက္ခအတွက် တစ်နည်းတစ်ထောင့်က အထောက်အကူဖြစ်စေလိမ့်မည်ဟု ယူဆသောကြောင့်လည်း ဖြစ်ပါသည်။ မိမိတို့အနေဖြင့် တောင်အာဖရိက အတွေ့အကြုံများမှ များစွာသင်ခန်းစာယူရန် ရှိနေပါသလား။ အခြေအနေချင်း ထပ်တူ မဟုတ်သော်လည်း လေ့လာစရာ အချက်အလက်များ များစွာရှိသည်ဟု မိမိယုံကြည်ပါသည်။

တချိန်တုန်းက အပြောင်းအလဲများ မဖြစ်နိုင်တော့သယောင် ပိန်းပိန်းပိတ် မှောင်နေ သော ကာလလည်း ရှိခဲ့သည်။ ပြည်တွင်းစစ်မီး ပို၍ အရှိန်မြင့်တောက်လောင်တော့မည် လားဟု ထင်ခဲ့ကြသေးသည်။ နိုင်ငံရေးသမားဟောင်းကြီးများ၊ ကုလသမဂ္ဂ အထူး ကိုယ်စားလှယ်၊ တိုင်းရင်းသားပါတီများအားလုံးက ဆွေးနွေးပွဲများ ပြန်စပါရန်အကြိမ်ကြိမ်တောင်းဆိုခဲ့ကြသည်။ မြန်မာစစ်အစိုးရက ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို အတည်ပြုသည့်အခါ တစ်ကိုယ်တော်ကျဲတော့မည်လားဟု ယူဆလာကြသည်။ ပြီး သည့်နောက် ၂၀၁၀ ခုနှစ်၊ ပါတီစုံ အထွေထွေရွေးကောက်ပွဲ ဖြစ်လာသည့်အခါ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ရွေးကောက်ပွဲ မဝင်ဘဲ၊ ပါတီမှတ်ပုံတင် အသစ်ပြန် မလုပ်ဘဲ နေခဲ့သည်။ ဝေဖန်သုံးသပ်သူအချို့က အစွန်းနှစ်ဖက်ကို ပိုဆွဲကြတော့မည် လော (polarization) ဟု သုံးသပ်ကြသေးသည်။ ယခင်အပစ်အခတ်ရပ်စဲထားသည့် အဖွဲ့များအပေါ် နယ်ခြားစောင့်တပ်ဖွဲ့စည်းရန် အတင်းအကျပ်တိုက်တွန်းမှုကြောင့် တင်းမာမှုများလည်း ဖြစ်ပေါ်လာနေသည်။ ရွေးကောက်ပွဲကျင်းပသည့် ၂၀၁၀၊ နိုဝင် ဘာလ ၇ ရက်နေ့တွင်ပင် ကရင်အပစ်ရပ်အဖွဲ့တစ်ခုဖြစ်သည့် ဒီကေဘီအေက မြဝတီမြို့ကို တိုက်ခိုက်သိမ်းပိုက်ခဲ့သည်။ အခြေအနေများက အဆိုးသို့ ဦးတည်နေပြီ လော။

သို့သော် အကောင်းဖက် အလားအလာများလည်း ဆက်၍

မြင်တွေ့ခဲ့ကြရပြန်သည်။ ရွေးကောက် တင်မြှောက်ခံရသည့် သမ္မတသစ် ဦးသိန်းစိန်က ကျမ်းသစ္စာကျိန်ဆိုပွဲ မိန့်ခွန်းတွင် အင်အားစုအားလုံးကို လက်တွဲဆောင်ရွက်ရန် လက်ကမ်းခဲ့သည်။ နောက်ပိုင်းတွင် တိုင်းရင်းသားအင်အားစုများကိုလည်း အပစ်အခတ် ရပ်စဲရေးပြုရန် နှင့် ရေရှည်ငြိမ်းချမ်းရေးတည်ဆောက်နိုင်ရန် ကြိုးပမ်းမှုများကို အလေးအနက် ဆောင်ရွက်လာခဲ့သည်။ ပြည်ပရောက်နေသည့် မြန်မာနိုင်ငံသားများကို နိုင်ငံတည်ဆောက်ရေးအတွက် ပြန်လာကြပါရန် ဖိတ်ခေါ်ခဲ့သည်။ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ပြုပြင် ပြောင်းလဲမှုအစီအစဉ်သစ်များကို ကြေညာချမှတ် လုပ်ဆောင်လာခဲ့သည်။ အခြေအနေ များက အခုချက်ချင်း အကောင်းချည်း မဖြစ်နိုင်ပါ။ သို့သော်လည်း သိသာထင်ရှား သည့် ပွင့်လင်းမြင်သာမှုများ မြင်လာခဲ့ကြရသည်။ အထူးသဖြင့် ပြည်သူ အများက သမ္မတ ဦးသိန်းစိန်နှင့် ဒေါ်အောင်ဆန်းစုကြည်တို့ ၂၀၁၁ ခုနှစ်၊ ဩဂုတ်လတွင် ပုဂ္ဂိုလ် ရေးအရ တွေ့ဆုံနိုင်ခဲ့ကြသည့်အပေါ် အထူးဝမ်းမြောက်ဝမ်းသာ ဖြစ်ခဲ့ကြသည်။

တိုင်းရင်းသားအင်အားစုအများနှင့် အပစ်အခတ်ရပ်စဲရေးယူနိုင်သည့်အပေါ်တွင်လည်း တိုင်းရင်းသားတို့ စိတ်အေးချမ်းသာ ဖြစ်ခဲ့ကြရသည်။ သို့သော် စင်းလုံးချောမဟုတ်။ အဖုအထစ်၊ အခက်အခဲများရှိ နေဆဲဖြစ်သည်။ ၂၀၁၂ ခုနှစ်၊ ဧပြီလ ကြားဖြတ်ရွေးကောက်ပွဲအပြီးတွင်တော့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် ဒေါ်အောင်ဆန်းစုကြည်ပါ ရွေးကောက်တင်မြှောက်ခံရ၍ လွှတ်တော်ထဲ ရောက်လာခဲ့ပြီ ဖြစ်သည်။

နိုင်ငံရေးသည် ပုံဆောင်ခဲသဏ္ဌာန်မဟုတ်။ နိုင်ငံရေးသည် အရည်သဘောဆောင် ပါသည်။ အတက်အကျ အပြောင်းအလဲများ အချိန်ပြည့် ဖြစ်ပေါ်နေပါသည်။ နိုင်ငံရေး အင်အားစုများအတွင်း ဖြစ်ပေါ် တိုးတက်မှုများကလည်း ဓာတုဗေဒ သဘောဆောင်ပါ သည်။ အတိုက်အခံ ရန်ဖက်ပြုနေကြသော အင်အားစုများအကြားတွင် အင်အားချိန်ခွင် လျှာ၊

ဓာတုဖွဲ့စည်းပုံ (chemistry) က အမြဲတစေ အပြောင်းအလဲရှိနေပါသည်။ နိုင်ငံရေး ဆွေးနွေးပွဲများသည် တဖြောင့်တည်း သဘောမဆောင်၊ ကွေ့ကောက်သော သဘောဆောင်သည်။ အတက်ရှိသည်။ အကျရှိသည်။ မျှော်လင့်ချက်များဖြင့် ပွင့်လန်း နေသော ကာလမျိုးရှိနိုင်သကဲ့သို့ လမ်းစမမြင်ရ လောက်အောင် ပိန်းပိန်းပိတ်မှောင် နေသော အခြေအနေမျိုးလည်းရှိနိုင်သည်။ ဤအခြေအနေမျိုးမှ တိုင်းပြည်အကျိုး အတွက် တောင်အာဖရိကနိုင်ငံတွင် သူတို့ရှေ့ဆက်ခဲ့ကြပုံကို ယခုစာအုပ်က ဖော်ပြ ထားခြင်း ဖြစ်ပါသည်။ ထို့အပြင် နိုင်ငံရေးတွင် အခွင့်အခါကောင်းကို သေချာဆုပ်ကိုင် မိရန်လည်း လိုပါသေးသည်။

ပညာရေးနှင့် လူမှုပြောင်းလဲရေးဆိုင်ရာ သဘောတရားများ ရေးသားနေသူ ပေါ်လိုဖယ် ယာက စာအုပ်တစ်အုပ်တွင် အပြောင်းအလဲနှင့် ပတ်သက်၍ ရေးဖူးပါသည်။ အရာဝတ္ထု တိုင်း ပြောင်းလဲကြပါသည်။ သင်္ခါရသဘောဖြစ်ပါလိမ့်မည်။ ဖြစ်ပျက်နေပါသည်။ အနည်းဆုံး သက်မက်ပစ္စည်းရုပ်ဂ ဝတ္ထုများဖြစ်သော သစ်ပင်၊ ကျောက်တုံးတို့ပင်ပြောင်းလဲ နေကြပါသည်။ သို့သော် သက်ရှိနှင့် သက်မဲ့တို့တွင် ပြောင်းလဲခြင်းသဘောနှင့် ပတ်သက်၍ ကွာခြားမှုရှိပါသည်။ အကြောင်းမှာ မိမိတို့လူသားများသည်သက်တမ်းတို သောကြောင့် ဖြစ်ပါသည်။ မိမိတို့ သက်တမ်းအတွင်း ပြောင်းလဲမှသာ ထိုအပြောင်း အလဲ၏ အကျိုးကျေးဇူးကို ခံစားကြရမည် ဖြစ်ပါသည်။ နှစ် (၁၀၀) ကြာသောအခါ မြန်မာပြည် ဒီမိုကရေစီ ရလေသတည်း ဆိုလျှင်ဖြင့် မဖြစ်ပါ။

မြန်မာနိုင်ငံတွင် အပြောင်းအလဲများ စတင်ဖြစ်ပေါ်နေပြီ ဆိုသော်လည်း၊ ဟိုမှာဖက် ကမ်း မရောက်သေးသည့် အသွင်ကူးပြောင်းရေးကာလသာ ဖြစ်နေပါသေးသည်။ ဤအခြေအနေကို လူအချို့က အဖြူ-အမဲ အဖြစ် မြင်ကြသည်။ ရန်-သို့မဟုတ် ငါပုံစံ မျိုးဖြင့် စည်းခြားချဉ်းကပ်လိုကြသည်။ ရောင်စုံသွင်ပြင်သဘောကို မမြင်ကြသူများ လည်းရှိသည်ဟု ယူဆပါသည်။ ထို့အပြင် အပြောင်းအလဲကို အမှန်တကယ်လိုအပ်ပါ က ကျွန်တော်တို့အားလုံး၏

စိတ်ဓာတ်၊ အမူအကျင့်များ (Mindset)ကို ပြုပြင်ရန် လိုအပ်ပါလိမ့်ဦးမည်။ အခြေအနေအဟောင်း၊ အမူအကျင့်ဟောင်းများဖြင့် စနစ်သစ် ကိုသွားရန် မဖြစ်နိုင်ပါ။ သို့သော်လည်း လူတို့၏ စိတ်ဓာတ် (Mindset) ကို ပြောင်းရန် ဟူသည်မှာ ချက်ချင်းမရ၊ အချိန်ယူတည်ဆောက်ကြရပါဦး မည်။

ဤအခြေအနေတွင် ကျွန်တော် စာအုပ်တစ်အုပ်ကို ဝေငှလိုက်ပါသည်။ တောင်အာဖရိက လူဖြူလူမဲ အသားအရောင်ခွဲခြားမှုများကို အဆုံးသတ်စေခဲ့သော၊ တောင်အာဖရိက ပဋိပက္ခများကို အဆုံးသတ်စေခဲ့သော၊ နိုင်ငံရေးအကျဉ်းသား နယ်လ်ဆင်မင်ဒဲလားကို သမ္မတအဖြစ် ပေးစွမ်းနိုင်ခဲ့သော တောင်အာဖရိကနိုင်ငံရေးဆွေးနွေး ပွဲများတွင်၊ အတွင်းကျကျ ပါဝင်ခဲ့သူ အလစ်စတာ စပတ်စ် (Allister Sparks) ရေးသား သော နိုင်ငံသစ် မနက်ဖြန်-- တောင်အာဖရိကနိုင်ငံ၏ အပြောင်းအလဲ လမ်းသစ် အတွက် အတွင်းကျကျ ဖြစ်ရပ်ဇာတ်လမ်း (Tomorrow is Another Country: The Inside Story of South Africa’s Road to Change, 1995, The University of Chicago Press) ဟူသော စာအုပ်ဖြစ်သည်။ တောင်အာဖရိကနိုင်ငံ၏ နိုင်ငံရေး ဆွေးနွေးပွဲများ အခြေ အနေကို အတွင်းကျကျ ဖော်ပြထားပါသည်။ မြန်မာပြည်ဒီမိုကရေစီ၊ စီးပွားရေး၊ လူမှုရေး အပြောင်းအလဲအတွက် များစွာအကျိုးပြု လိမ့်မည် ယူဆပါသည်။

♥ ♥ ♥